# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

## စည်ပင်သာယာရေးအဖွဲ့များ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

## (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၂/၉၇)

## ၁၃၅၉ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်

## (၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **စည်ပင်သာယာရေးအဖွဲ့များ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ စည်ပင်သာယာရေးအဖွဲ့များ ဥပဒေပုဒ်မ ၂၀ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မခွဲ (စ) တို့ကို အောက်ပါ ပုဒ်မခွဲများဖြင့် အစားထိုးရမည်-

(ခ) **ဝန်ကြီးဌာန** ဆိုသည်မှာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနကို ဆိုသည်။

(ဂ) **ဝန်ကြီး** ဆိုသည်မှာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးကိုဆိုသည်။

(ဃ) **ဦးစီးဌာန** ဆိုသည်မှာ စည်ပင်သာယာရေးဦးစီးဌာနကို ဆိုသည်။

(င) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(စ) **ပြည်နယ်၊ တိုင်း အကြီးအကဲ** ဆိုသည်မှာ ပြည်နယ်၊ တိုင်း စည်ပင်သာယာရေးအဖွဲ့ ရုံးဝန်ထမ်း အကြီးအကဲကို ဆိုသည်။

၃။ စည်ပင်သာယာရေးအဖွဲ့များ ဥပဒေပုဒ်မ ၃၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

၃၇။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးသည် မည်သည့်ဒေသတွင် မဆို အများပြည်သူစားသုံးရန်မှအပ ဘာသာရေးနှင့် အခြားကိစ္စရပ်များအတွက် ကျွဲ၊ နွား သတ်ဖြတ် ခွင့်အမိန့်ကို ပြည်ထဲရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ခွင့်ပြုနိုင်သည်။

၄။ စည်ပင်သာယာရေးအဖွဲ့များ ဥပဒေပုဒ်မ ၃၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

၃၉။ ဝန်ကြီးဌာနသည် ပုဒ်မ ၃၆ ပါ တိရစ္ဆာန် သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်းတို့နှင့် စပ်လျဉ်း၍ လိုအပ်သော သတ်မှတ်ချက်များကို ထုတ်ပြန်နိုင်သည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ